

ရေး

IL

# ချောကလက်ကျိန်စာ

## အပိုင်း ၁

"သူဌေး"

အလင်းရောင်နည်းပါးသည့် အခန်း၌ စည်းစိမ်ယစ်မူးနေသည့် သူဌေးက ညာလက်ရုံး၏ ခေါင်းသံကြောင့် သောက်လက်စ ဝိုင်ခွက်ကိုချကာ ဆေးလိပ်မီးလေး ညှို၍ ထလာသည်။

"ပါလာပြီလား"

"ဟုတ်"

ထိုသူက သူဌေးကြီးသိုက် ... အသက်အရွယ်အားဖြင့် ငါးဆယ်လောက်သာ ရှိသေးမည်။ စာနာသနားမှု နည်းပါးသူ တစ်ယောက်။ အမှောင်ကမ္ဘာ၌ ယှဉ်ရဲသူမရှိ။ လက်ရဲဇက်ရဲ ဦးသိုက် မလုပ်ရဲသောအရာ မရှိသလောက်ပင်။

ယခုအခါတွင်တော့ ဦးသိုက်ကို ကျော်မည့် ခပ်ငယ်ငယ် လူသားလေး ကမ္ဘာမြေကြီးက ဖန်ဆင်းပေးလိုက်သည်ထင်။ ဘယ်လိုရှင်သန်မှုမျိုးနဲ့ ရှင်သန်ချင်ပါသလဲ ဦးသိုက် အမြစ်က ဆွဲလှန်ရန် ခြသေ့်တစ်ကောင်၏ ဒေါသကို ထိုလူငယ်လေးက သွေးကြွစိန်ခေါ်လာသည်။

"ဟုတ်ပြီ"

သူဌေးကြီးဦးသိုက်က ညာလက်ရုံး၏ ပခုံးကိုပုတ်ကာ ဆေးလိပ်လေး လက်ကြားညှပ်၍ အခန်း အပြင်ဘက် ထွက်လာလိုက်သည်။

"ဦးသိုက်"

မာန်ပါပါ ခြသေ့်တစ်ကောင် ဟီးလိုက်သည့်နယ်။ ထိုလူငယ်လေး၏

နှုတ်ဆက်ပုံက မရိုမသေဆန်စွာ စူးရဲသော မျက်လုံးကြီးများနှင့် လူကို အသည်းပေါက်မတတ် ကြည့်ကာ ဒေါသမီး တဟုန်းဟုန်း ထနေသည့် ခေါ် သံကြောင့်...

"သွေးရဲနေတဲ့မင်းကို ငါ့သွေး ဘယ်လောက်ရဲကြောင်း ဒီညပြမယ်"

ဦးသိုက်စကားကြောင့် လူနှစ်ယောက် ချုပ်နှောင်ခံထားရသည့်ကြားက ခပ်မဲ့မဲ့ တစ်ချက် ပြုံးလိုက်သည့် လှိုင်း...။ လှိုင်း၏ အပြုံးက တစ်လောက လုံးကို မထီမဲ့မြင်ပြုသည့် အပြုံးမျိုး။ ဟုတ်ပါတယ် လှိုင်းဆိုတဲ့ကောင်က လူကိုတောင် သက်မဲ့လို့ မြင်ပြီး သွေးရဲတဲ့ကောင်ပါ။

"ခင်ဗျား သွေးရဲတယ်ဆိုတာ ဒီလိုအဖွဲ့နဲ့ မိုက်တာကို ပြောတာလား ဦး သိုက်"

လှိုင်း၏ မထီမဲ့မြင် မေးခွန်းကြောင့် ဦးသိုက်အကြည့်က ပြောင်းဝမှ ကျည်ဆန် တစ်တောင့်ပမာ လှိုင်းထံ ဒိုင်းခနဲ ကျရောက်လာသည်။

"မင်းက အခု ငါ့လက်ထဲမှာနော် လှိုင်း ... အပြောလေးလျှော့ပြီး မင်းလက် ထဲက ပစ္စည်းတွေ ငါ့လက်ထဲ အပ်လိုက်တော့"

"ထွီ ..."

ဦးသိုက်စကားအဆုံး လှိုင်းက တံတွေးတစ်ချက် ထွေးချလိုက်သည်။ လှိုင်း၏ လုပ်ရပ်တိုင်းက အရိုင်းဆန်လွန်းသည်မို့ ညာလက်ရုံးလက်ထဲမှ တုတ်အားယူ၍ လှိုင်းကို ပြေးရိုက်ချလိုက်သည်။

"ဖြောင်း ..."

အားပါလှသည့် ရိုက်ချက်နှင့်အတူ မြေ၌ လှိုင်း ဖရိုဖရဲ လဲကျသွားသည်။ လှိုင်းက ဆံပင်များကို ခါယမ်းလိုက်ကာ...

"အဟတ် ဒီလောက်ပဲ ရိုက်နိုင်တာလား ဒါနဲ့များ အမှောင်ကမ္ဘာရဲ့ဘုရင်

ဘယ်လိုဖြစ်လာ တာလဲ"

"တောက်…"

"ဖြောင်း … ဖြောင်း … ဖြောင်း"

လှိုင်း၏စကားကြောင့် ဦးသိုက် အဆက်မပြတ် ရိုက်ချလိုက်တော့သည်။

"ဘယ်မှာလဲ ပစ္စည်းတွေ… ဖြေ ဖြေလေ လှိုင်း … မင်း လူ့လောကကြီးကို သိပ်မုန်းနေပုံပဲ ကြာကြာ မနေချင်ဘူးထင်တယ်"

"အဟား … သေမထူးနေမထူးကို လူ့လောကကြီးကို ချစ်လားလို့မေးတဲ့ ခင်ဗျားက ဦးနှောက်ကောင်းလား"

နှုတ်ခမ်းမှ သွေးစတချို့ကို လက်ဖမိုးလေးနှင့် သုတ်ရင်း ခပ်ရွဲ့ရွဲ့မေးလိုက်သည်။

"အပိုတွေတော်တော့ကွာ ဆေးတွေဘယ်မှာလဲ ဘယ်မှာလဲ…"

"မရှိဘူး … မရှိတော့ဘူး …"

လှိုင်း၏အဖြေက ဦးသိုက်ကို ဘယ်လောက်ထိ ပူလောင်စေသည်မသိ ဦးသိုက် အသွေးအသားတွေ တဆတ်ဆတ် တုန်လာသည်။

"အဲဒီ ဆေးတွေအတွက် ငါက အလုပ် လုပ်နေရတာကွ ပြော မင်းဘာကို လိုချင်လဲ ငါဘယ်လောက် ပေးရမလဲ ပြော ပြော"

"မလိုချင်ဘူး ငွေရဖို့ဒီလောကမှာ ကျင်လည်နေတာ မဟုတ်ဘူး ပျော်လို့ ဒီလောကကိုချစ်လို့ စိတ်လှုပ်ရှားစရာ ကောင်းလို့ … ဒီလောကမှာ ကျင်လည် နေတာ ပြီးတော့ အဲဒီဆေးတွေလည်း မရှိတော့ဘူး မီးရှို့လိုက်ပြီ ပြာဖြစ် သွားပြီ ဟား ဟား ပြာတွေဖြစ်သွားပြီ"

"တောက်"

"ခွပ်… ခွပ်"

လှိုင်းအား လက်သီးနှင့်အကြိမ်ကြိမ် ထိုးသော်လည်း ခေါင်းသိပ်မာသည့် လှိုင်းက အပြုံးအရယ် မပျက်။

"သူဌေး ဒီကောင်ကခေါင်းသိပ်မာတာ"

"အေး မာနေတဲ့ခေါင်းကို ခွဲလိုက်ကွာ"

သူဌေးကခိုင်းလျှင် ဘာမဆိုလုပ်မည့် ညာလက်ရုံး၏ နာမည်အသစ်က သစ္စာရှိမြေခွေး။ သိပ်လည်း ကောက်ကျစ်တတ်သေးသည်။

"သူဌေး ဆရာဖုန်းဆက်နေတယ်"

"တောက် ... မရှိဘူးလို့ပြောလိုက် ... ဆရာချိန်းထားတဲ့ ဆေးတွေက ဒီကောင် ... လှိုင်း ဘတ်သွားပြီကွ မင်း မင်းကို အရှင်မထားဘူး"

ဦးသိုက် လက်သြုံးတထိုးထိုးနှင့် လှိုင်းအား ပြောနေပေမဲ့ ကြံရာမရ ဖြစ်နေတော့သည်။ ဦးသိုက်က တစ်ဖက်နိုင်ငံမှ တရားမဝင်ဆေးများအား အောက်လိုင်းမှ တင်သွင်းသူဖြစ်သည်။

လှိုင်းက စွန့်စားချင်လို့သာ ထိုအလုပ်ကို လက်ခံဖြစ်သူပါ။ တရားမဝင်ဆေးဟု မသိ၍ အလုပ် လက်ခံဖြစ်သည်။ ဈေးပေါပေါနှင့် တင်သွင်းသည့် အခွန်လွတ်ရန် ရှောင်သော အာမခံချက် မရှိသော ဆေးဟုထင်၍ လက်ခံသည်။ ယခုအခါဆေးများက တရားမဝင်ရုံသာမက လူ့အသက်ပါ ထိခိုက်သည်အထိ အန္တရာယ်ဆေးများ ဖြစ်သဖြင့် မီးရှို့ ဖျက်ဆီးလိုက်ရခြင်းသာ။

"ဟား ဟား ဟား ... ကိုသိုက် ... ဘယ်သွားနေလို့များ မရှိတာလဲဗျာ"

ဦးသိုက် ပျာယာခတ်နေစဉ် ဆရာဟူသော လူဖြစ်ပုံရသည် အနောက်တိုင်းဝတ်စုံ မီးခိုးရောင် ဝတ်စုံအပြည့်နှင့် အတော်ပင် ကြည့်ကောင်းသည်။ ထိုလူသား ဝင်လာတော့...

"ဆရာ"

"ကျွန်တော် ရောက်နေပြီလို့ လှမ်းအကြောင်းကြားတာပါ ညှော့လက်မခံတဲ့ အချိန်မို့ ဖုန်း လက်မခံတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး ဆရာ ..."

"Ok ... ဒီနေ့ရမယ့်ဆေးတွေ မရောက်သေးဘူးလား ကိုသိုက် ... ဘယ်ချိန် ရောက်မလဲ စောင့်မယ်လေ"

ဆရာက လက်ပတ်နာရီကို ကြည့်လိုက်ကာ ကုတ်အင်္ကျီအား တစ်ချက်ဆွဲ ဆန့်၍ ထိုင်ခုံ၌ ခြေချိတ် ထိုင်လိုက်သည်။

ဆရာ့စကားကြောင့် ဦးသိုက် ပျာယာခတ် နေလေတော့သည်။ လှိုင်းက အေးဆေးစွာ နေရာအနှံ့ မျက်လုံးကစား လှည့်ပတ် ကြည့်နေတော့သည်။

ဆရာ၏ အနောက်၌ ရပ်နေသောလူ လက်ထဲရှိ သေနတ်က လှိုင်းနှင့် လက်တစ်ကမ်းသာ ဝေးသည်မို့ လှိုင်း အမြန်လှုပ်ရှားလိုက်သည်။

လက်ထဲသေနတ် ပါလာသည်နှင့် ခုနကကြည့်ထားသော လမ်းဘက် ရောက်နိုင်သည့် မှန်ပြတင်းကို အတင်းခွဲကာ ပြေးထွက်လိုက်သည်။ ရိုက် နှက်ခံထားရသည့် ဒဏ်ကြောင့် ခြေထောက်တို့က ခပ်ဝေးဝေး ပြေး သလောက်မရောက်။

"အား..."

မှောင်လည်း မှောင်နေပြီမို့ လမ်းဖြတ်ရန် ရေဆိုးမြောင်းဟောင်းကြီး တစ်ခု ခြားထားသည်ကို လှိုင်းတွေ့လိုက်ရသည်။ လျှင်မြန်စွာ ထိုရေမြောင်း ထဲ ခုန်ဆင်း၍ တိတ်တဆိတ် ပြုံးနေလိုက်သည်။

"ဘယ်ရောက်သွားတာလဲ ... ဒီနားမှာပဲ သူရှိလိမ့်မယ် တောက် ... ရှာ ကြ"

"ဟုတ်"

"လူခွဲ လူခွဲ ..."

ခဏအကြာ နေရာတစ်ဝိုက်၌ ခြေသံများ တိတ်ဆိတ်သွားပြီမို့ မြောင်းနံရံအားမှီ၍ ဖင်ထိုင်ရပ်လေး မှီချကာ သက်ပြင်းမောလေး မှုတ်ထုတ်လိုက်သည်။

"ဟား ဟား ဟား ... သေမင်းနှုတ်ခမ်းဝမှာမှ လမ်းလျှောက်ရတယ်လို့ ဟား ဟား ပျော်စရာပဲ အ... နာလိုက်တာကွာ အဘိုးကြီး တကွေ့ကွေ့တွေ့မှ အရှင်မထားဘူး ဟား ဟား"

တစ်ယောက်တည်း သဘောတကျ ရေရွတ်ရင်း ထိုစွန့်စားမှုကို ကျေနပ်နေသော လှိုင်း။

***

မနက်မိုးလင်းသည်နှင့် ကျောင်းသွားရန်သာ ဦးစွာ ပြင်ဆင်တတ်သည့် ခရ။ သူ့မနာမည်က ခရ။ အသားဖွေးဖွေး နုနုလေးနှင့် ဆံကေသာခပ်ညိုညို ပိုင်ရှင်လေး။ သိပ်ကိုဖြူစင်သော ကလေးလေးဆို မှန်လိမ့်မည်။

သို့သော် အဲအဖြူရောင်လေး နောက်ကွယ်မှာ အရွယ်နဲ့မလိုက်တဲ့ ဒဏ်ရာတွေ အမာရွတ်တွေ ရှိနေသည်ကိုတော့ သိသူနည်းပါးသည်။

"ခရရေ ... မနက်စာရပြီနော်"

"ဟုတ်"

အပြင်ဘက်မှ မေမေ့စကားသံကြောင့် အပိုအလိုမပြောဘဲ အခန်းတံခါးလေး ဖွင့်ကာ ကျောင်းလွယ်အိတ်လေး လွယ်၍ ထွက်လာလိုက်သည်။ မီးဖိုခန်းထဲ ရောက်သည်နှင့် ထမင်းစားဝိုင်း၌ မေမေနှင့်အတူ မေမေ၏ နောက်အိမ်ထောင် ဖြစ်သော ဦးအကၡရာအား မြင်လိုက်သဖြင့် ခြေလှမ်းတို့

ကရပ်ကာ နောက်ပြန်လှည့်လိုက်သည်။

"ခရ ခရ ... သမီး ခရ"

အနောက်မှ မိခင်ဖြစ်သူ ဘယ်လောက် အော်နေပါစေ ခရ လျစ်လျူရှုကာ ခြံတံခါးလေးဖွင့်၍ ထွက်လာလိုက်သည်။

"ခရ မနက်စာစားဖို့ မုန့်ဖိုးမယူတော့ဘူးလား"

နားကြပ်လေးတပ်ကာ အရာရာကျောခိုင်း၍ ကျောင်းသွားလမ်းကိုသာ ဦးတည်လိုက်သည်။ တစ်နေရာ အရောက်...

"ဘုတ်... အင့်"

"အ"

ဦးထုပ်အနက်ရောင်ကို ခပ်ငိုက်ငိုက်စောင်းကာ မြောက်ကြွားကြွားလေး လျှောက်လာသော လူတစ်ယောက်နှင့် တိုက်မိသဖြင့် လက်ထဲမှ ခရဖုန်းလေးမြေ၌ ကျကွဲကြေမွသွားတော့သည်။

"လမ်းကို ဘယ်လိုလျှောက်လာတာလဲ"

"ဆောရီး ... ငါမမြင်လိုက်ဘူး"

ထိုလူသား၏ ရုပ်ကိုပင် မမြင်ရသေး ဩရှရှအသံတစ်ခုက ခရကို ရင်ခုန်စေရန် စတင် ဆွဲဆောင်နေပြီ။ ခရ ရင်ဘတ်လေးဖိကာသာ ရပ်နေမိသည်။ ထိုလူသားက မြေ၌ကျသွားသော ဖုန်းလေးကို ကောက်၍ လှမ်းပေးလာသည်။

"ငါဘာလုပ်ပေးသင့်လဲ ..."

"ဒီမုန်ကို ပြန်လဲပေးသင့်တယ် ဆိုတာကိုတော့ သိသင့်တာပေါ့ လူကျင့်ဝတ်တွေ လူ့စည်းတွေ နားမလည်ဘူးလား"

"ဆောရီး သိပ်ဂရုမစိုက်တတ်လို့ နားမလည်တာလည်း ဖြစ်လိမ့်မယ် ...

ဘယ်ဆိုးလို့လဲ ကျောင်းသူတစ်ယောက်က အတွေးအခေါ်ရင့်သန်သားပဲ"

အသံအားဖြင့် ဆွဲဆောင်မှု ဘယ်လောက်ကောင်း နေပါစေ အပြောလေးက ရိုင်းလိုက်တာဟု ခရ တွေးမိလိုက်သည်။

"Ok လေ ... မင်းဖုန်းနံပါတ်ပေး ငါအားတဲ့နေ့ဆက်သွယ်ပြီး မင်းဖုန်းကို ငါပြန်ပြင်ပေးမယ် ဩော် ... ဖုန်းနံပါတ်တောင်းလို့တော့ အိုဟောင်းနေတဲ့ အတွေးတွေ မဝင်နဲ့နော် ကြောင်ချင်တယ် ထင်မနေနဲ့"

"ရင့်လိုက်တာ"

ထိုလူ့စကားကြောင့် ထိုလူကမ်းပေးသော လက်ထဲမှ မှန်ကွဲနေသည့် ဖုန်းလေးကို ဆောင့်ဆွဲ ယူလိုက်သည်။

"အား"

မှန်ကွဲစက ခရလက်ထဲ အတင်းတိုးဝင်သွားသည်။

"ငါပေးနေတာ ဖော့ဖယောင်း ထင်နေပုံပဲ မှန်လေကွာ ရှမှာပေါ့ မင်း စဉ်းစားသင့်တယ်"

ထိုလူ တော်တော်ထူးဆန်းသည်။ အဆင်ပြေလား နာနေလား မမေးသည့်အပြင် သွေးအေးစွာ လူကို အပြစ်တင်တတ်သည်။ နားလည်ရခက်သော လူသားရယ်ပါ။

ခရ လက်ထဲမှ ဖုန်းလေးအား ယူလိုက်ကာ လော့ခ်စခရင်မ်ကို ဖွင့်၍...

"သုံးလို့တော့ ရပါသေးတယ် ဒါပေမဲ့ အခြေအနေက မလှပဘူးပေါ့"

ဖုန်းနံပါတ်လေး စစ်၍ ဦးနှောက်ထဲ ရိုက်သွင်းကာ မှတ်လိုက်သည်။ ယခု ခရတွေ့နေရသော သူက လှိုင်း။

လှိုင်းက ထိုမိန်းကလေး ဖုန်းနံပါတ်အား ခေါင်းထဲရိုက်သွင်းကာ ဖုန်းလေးပြန်ပေးပြီး...

"ငါဖုန်းဆက်လိုက်မယ် အဆင်ပြေတဲ့အချိန်"

လက်လေး နောက်ပြန်ပြ၍ ထွက်သွားသော ထိုလူသားကို ကြည့်၍ ဒေါသများနှင့်ကျန်ခဲ့သော ခရ။

"တောက် ဘယ်လိုရှင်သန်နေတဲ့ အလေအလွင့်လည်း မသိဘူး ရိုင်းလိုက်တာ… အ… လက်ကလည်း နာတယ် ဒီမနက်က Bad Morning ပဲ"

လက်လေးနှစ်ဖက်ကိုဆုပ်ကာ ကျောင်းသို့ ခပ်သွက်သွက် လျှောက်လာလိုက်သည်။ ခရ ကျောင်းဝင်းထဲ ရောက်သည်နှင့် ကျောင်းဝင်းအတွင်း ကားတစ်စီးက ဘေး၌ရပ်လာသည်။

"ဟေး ခရ"

"ဟယ် ဆူး"

ကားလေးထဲမှ ဆူးကထွက်လာကာ ခရကို ဖက်လိုက်သည်။ ကားထဲမှ ဆူး၏လူယုံက လွယ်အိတ်လေး ထွက်ပေးပြီး နှုတ်ဆက်၍ ကားလေးပြန်ထွက်သွားသည်။

"လက်ကသွေးစတွေနဲ့ ဘာဖြစ်တာလဲ ခရ"

"Bad Morning ပါဆူးရာ လက်ကမှန်ရှတာ ငါ့ဖုန်း မှန်ကွဲသွားတယ်"

"ဟယ် ဖုန်းမှန်လား … ဆေးထည့်သင့်တာပေ့ါ"

"ရပါတယ် အသေးအမွှားလေးပဲဟာ အဲဒီလောက်လည်း မလိုပါဘူး"

"ငါတော့ စိတ်ပူတယ်လေဟာ လာပါ ဆေးထည့်ရအောင်"

ဆူးက အတင်းခေါ်သွားသည်။ ကျောင်းရုံးခန်း၌ ဆေးထည့်ပေးသည်။ ဆူးက ခင်မင်စရာ ကောင်းသူ တစ်ယောက်ပါ။ သိပ်လည်း ချမ်းသာကြွယ်ဝပြည့်စုံသူပါ။ သူမအလှက Sexy ကျသည်။ သူမ မျက်ဝန်းနက်နက်တွေက သိပ်လှသည်။ သို့သော် သူမဖြူစင်သည်။

ဆူး၏ဖခင်က အမှောင်လောကၥ် ထိပ်တန်းဝင်သူမို့ အပေါင်းအသင်း ကြား ဆူးမျက်နှာ ငယ်သလို။ ရှိန်နေသည်ဆိုလည်း မှန်မည်။ ဆူး၌ အပေါင်းအသင်း နည်းသည်။ ဆူးအခင်ရဆုံး လူဆိုသည် ခရသာဖြစ်၏။

"နာတယ် ဆူး"

"သက်သာသွားမှာပါ ပေးအဲဒီဖုန်း မနက်ဖြန် မှန်လဲပေးမယ်"

"ဟို ရပါတယ် … ခရဘာသာ လဲလိုက်ပ့ါမယ်"

ခရလက်ထဲမှ ဖုန်းလေးကို ဆူးက အတင်းယူကာ ဆူးအိတ်ထဲမှ ဖုန်းကို ပေးလိုက်သည်။

"ယူထား ဆူးဖုန်းကို … ဒီဖုန်းမရမချင်း ပြန်မပေးနဲ့"

ဆူး၏ဇွတ်တရွတ် လုပ်ရက်ကြောင့် ခရမလိုက်နာလို့မဖြစ်။ ခရလက်ခံ လိုက်ရသည်။

"ကဲ အတန်းထဲသွားကြစို့ … နောက်ကျနေတော့မယ်"

"အင်း"

ဆူးလက်လေးတွဲကာ အတူတူ အတန်း တက်ဖြစ်ခဲ့ကြသည်။ ကျောင်း ဆင်းချိန် ညနေခင်း၌ ခရဖုန်းလေးကို လက်၌ကိုင်ကာ ကျောင်းရှေ့၌ ကား လာအကြို စောင့်နေလိုက်သည်။

"ခရ တာ့ တာ"

ဆူး၏ လှမ်းနှုတ်ဆက်သံကြောင့် ခရနောက်ပြန်လှည့်၍ လက်ပြ နှုတ်ဆက်လိုက်သည်။

ဆူးသတိထားမိသည် ခရကို ဘယ်အချိန်ကမှ မိသားစုက ကျောင်းအကြို အပို့ မလုပ်ခဲ့ဖူး။ မြင်လည်း မမြင်ခဲ့ဖူးပါ။ ခရနှင့်ခင်တာ ကြာခဲ့ပြီ ယခု ထက်တိုင် ခရ၏ မိခင်နှင့်ဖခင်ကို မမြင်ဖူးသေးပါ။

"ဆူး"

ကားလေးက ဆူးရှေ့ထိုးရပ်လာကာ ဖေဖေ့ညာလက်ရုံး၏ ခေါ်သံကြောင့် ကားနောက်ခန်း၌ ဆူး အလိုက်သင့်လေး ဝင်ထိုင်လိုက်သည်။

"Hello... Hello..."

ဆူးလက်ထဲမှ ဖုန်းသံလေးကြောင့် ဖုန်းကို ကြည့်မိလိုက်သည်။

"နာမည်လည်း မမှတ်ထားဘူး"

အမှတ်အသားမရှိသည့် သူစိမ်းဖုန်းမို့ ဆူးလက်မခံဘဲ ဖုန်းကိုမကိုင်ဘဲ ထားလိုက်သည်။ ထပ်ခေါ်ပြန်သည်။

"ဆူး ဆူးဖုန်းသံ ပြောင်းထားတာလား"

အစစအရာရာ လိုက်ဂရုစိုက်တတ်သည့် ဖေဖေ့ညာလက်ရုံး မေးခွန်းကြောင့် ဆူးအဖြေ မပေးဘဲ ဖုန်းလေးကိုင်လိုက်သည်။

"ဟဲလို"

"မင်းဘယ်မှာလဲ"

တစ်ဖက်မှ ခပ်မာမာ မေးခွန်းသံကြောင့် ဆူးနှုတ်ခမ်းလေး အလိုလိုမဲ့သွားသည်။

"ရှင်ကဘယ်သူလဲ ဘာကိစ္စလဲ"

"မင်းဖုန်းကို ခွဲမိတဲ့လူပဲ ခုငါအချိန်ရတယ် မင်းလဲ ကျောင်းဆင်းချိန်ပဲထင်တယ် ... ဒီတော့

Mobile One ဖုန်းဆိုင်ကိုလာခဲ့ အချိန်အများကြီးမရဘူး ဆယ်မိနစ်အတွင်းလာ"

ဆူးဒေါသ ထွက်မိသွားသည်။ သူကလည်း ခရဖုန်းကို ခွဲမိသေးတယ်။ ခု

သူကပဲ အမိန့်ပေးနေ ရသေးတယ်။ နှုတ်ခမ်းလေးကို ကိုက်ချလိုက်ကာ…

"မလိုဘူး ကိုယ့်ဘာသာလည်း လဲနိုင်တယ်"

ဆူးဖုန်းကို ချပစ်လိုက်သည်။

"Hello… Hello…"

"ဘာလို့ထပ်ခေါ်နေသေးလဲ"

"ဟေး ငါဘယ်သူ့ကိုမှ အကြွေးမတင်ချင်ဘူး လမ်းကြို့ အကြွေးတောင်းတာလည်း မလိုချင်ဘူး ခု Mobile One ကိုလာခဲ့"

အဲဒီလောက် ရင့်သီးသောသူနဲ့ တွေ့ချင်မိပါရဲ့။

"ဟုတ်ပြီ စောင့်နေ"

ဆူးဖုန်းလေးချကာ…

"Mobile One ကိုမောင်းပေး"

"ဆူး ဘာလို့လဲ"

"ရှူး မေးခွန်းတွေ မလိုချင်ဘူး"

ဆူး၏ မေးခွန်းပိတ်သံကြောင့် ညာလက်ရုံးလေး ငြိမ်ကျသွားသည်။ ဆူးဒေါသများ ပေါက်ထွက်နေသည်က သိသာသည်။ နှုတ်ခမ်းလေးဖိကိုက်၍ တစ်နေရာရာကို စူးစူးစိုက်စိုက် ကြည့်နေပုံက သိပ်ကို ပေါက်ကွဲနေဟန်ပင် ဖြစ်သည်။

***